ပေါင်းစပ်ရုပ်ပုံကားချပ်

International Labour Organization

# SCREAM

## ကလေးအလုပ်သမားကို ရပ်ပစ်

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး
လမ်းကြောင်းများမှတဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။



# SCREAM

**ကလေးအလုပ်သမားကို ရပ်ပစ်**

ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတ
ဆင့်ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း။

# ပေါင်းစပ်ရုပ်ပုံကားချပ်

ILO (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့)

မူပိုင်ခွင့် - အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၇
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၇
အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံး၏ ထုတ်ဝေမှုကို အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့်ရေးရာ သဘောတူညီချက် အမှတ် (၂)မှ အချက်များနှင့်အညီ ဆောင်ရွက်ထားပါသည်။ သို့သော်လည်း ထုတ်ဝေထားသည်များမှ ခွင့်ပြုချက်မရရှိဘဲ ကောက်နုတ်ဖော်ပြမှုများအတွက် ရင်းမြစ်ရယူရာနေရာကို ဖော်ပြ ရမည်ဖြစ်သည်။ ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ဆိုခြင်းများအတွက် ILO ထုတ်ဝေခြင်းဆိုင်ရာဌာန (အခွင့်အရေးများနှင့်လိုင်စင်ဆိုင်ရာ)၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၊ CH -1211၊ ဆွစ်ဇာလန်သို့ လည်းကောင်း သို့မဟုတ် rights@ilo.org သို့ အီးမေးလ် ပို့၍ လည်းကောင်း လျှောက်ထားနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံးမှလည်း ထိုသို့ လျှောက်ထားမှုများကို ကြိုဆိုပါသည်။
ပြန်လည်ထုတ်ဝေခွင့်ဆိုင်ရာ ခွင့်ပြုချက်များရရှိထားသည့် စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားသော မှတ်ပုံတင်ထားသူများ သည် ၎င်းတို့ကို ခွင့်ပြုထားသည့် ထုတ်ဝေခွင့်ဆိုင်ရာ လိုင်စင်ပါအချက်များနှင့်အညီ မိတ္တူပွား ဖြန့်ဝေရမည်ဖြစ်သည်။ သင်၏နိုင်ငံတွင် ရှိသော ပြန်လည်ထုတ်ဝေခွင့် ဆိုင်ရာ မူပိုင်ခွင့်များကို သိရှိနိုင်ရန်အတွက် www.ifrro.org သို့ဝင်ရောက်လေ့လာနိုင်ပါသည်။

---

IPEC
ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM) - ပညာရေး ပစ္စည်းများ/ အပြည်အပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် (IPEC) - မြန်မာ - ILO , ၂၀၁၇

ISBN: 9782-831294-2-92- (Print), 9789-831295-2-92- (Web PDF)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ILO အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်

အင်္ဂလိပ်ဘာသာဖြင့်လည်း ဖတ်ရှုနိုင်သည်။ Supporting children’s rights through education, the arts, and media (SCREAM): Education Pack (ISBN 9784-113240-2-92-), Geneva, 2002; အခြားသော ဘာသာစကား ၂၀ ဖြင့်လည်း ကြည့်ရှုနိုင်သည်။ http://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_1559/lang--en/index.htm.

ထုတ်ဝေမှုဆိုင်ရာအချက်အလက်များအတွက် ILO ၏ ကတ်တလောက်ထားရှိပုံ

## မှတ်စု

ဤစာစောင်သည် ပညာရေး၊ အနုပညာနှင့် လူထုဆက်သွယ်ရေး လမ်းကြောင်းများမှတစ်ဆင့် ကလေးများ၏အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM)- ပညာရေး ပစ္စည်းများဖြစ်သည်။ IPEC မှ ကလေးအလုပ်သမား ပပျောက်ရေးအတွက် လှုပ်ရှားမှုတိုးမြင့်ရန် အလို့ငှာ ဤထုတ်ဝေခြင်း၏ အပိုင်းအားလုံး သို့မဟုတ် ဘာသာပြန်ဆိုမှု သို့မဟုတ် ဆီလျော်အောင်ပြုပြင်ခြင်း၊ ထပ်မံထုတ်ဝေခြင်း၊ ပြန်လည်ပုံနှိပ်ခြင်းများပြုလုပ်ရန် တိုက်တွန်း ထားသည်။
ဤပညာရေး ပစ္စည်းကို အီတာလီ အစိုးရမှ ထောက်ပံ့ထားသည့် IPEC စီမံကိန်း INT/99/M06/ITA ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။
မြန်မာဘာသာဖြင့်ထုတ်ဝေမှုအတွက် ရံပုံငွေကို အမေရိကန်နိုင်ငံ အလုပ်သမားရေးရာဌာန မှကျခံပါသည် (Project MMR/1310//USA)။
ဤထုတ်ဝေမှုသည် အမေရိကန်အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များ၊ အမေရိကန်အစိုးရမှ ထောက်ခံခွင့်ပြုထားသည့် ကုန်သွယ်ရေးအမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းများကို ညွှန်းဆို ထင်ဟပ်ဖော်ပြထားခြင်းမဟုတ်ပါ။

---

ILO ထုတ်ဝေမှုများတွင် ရွေးချယ်သတ်မှတ်ချက်ခန့်ထားမှုများမှာ ကုလသမဂ္ဂ၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းတင်ပြသည့် အကြောင်းအရာများသည်လည်း မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် အာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ်အကန့်အသတ် တို့နှင့် သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများ အပေါ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံး၏ ထင်မြင်ယူဆချက်များကို ညွှန်းဆို ဆောင်ရွက်ထားခြင်း မဟုတ်ပါ။
သုံးသပ်တင်ပြသည့် ဆောင်းပါးများ၊ လေ့လာမှုများနှင့် အခြားသော အကြံပြုဆွေးနွေးမှုများတွင် ပါရှိသည့် အယူအဆ ထင်မြင်ချက်များသည် ၎င်းတို့ကိုရေးသားသူများအပေါ်တွင်သာ လုံးဝသက်ဆိုင်တာဝန်ရှိပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ရုံးမှ ထိုဖော်ပြချက်များအပေါ်တွင် ထောက်ခံအကြံပြုခြင်း မပါဝင်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်း များသည် ILO ရုံးမှ ထောက်ခံတင်ပြထားခြင်း မဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ ၏အမည်များကို မဖော်ပြခြင်းသည်လည်း ထည့်သွင်းရန် သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။
ILO မှထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်ကုန်များကို အကြီးစား စာအုပ်ရောင်းဝယ်သူများနှင့် ဒစ်ဂျစ်တယ် နည်းပညာဖြန့်ဝေမှု ပလက်ဖောင်းများမှ တဆင့် ရရှိနိုင်ပြီး ilo@turpin-distribution.com မှလည်း တိုက်ရိုက် မှာယူ ရရှိနိုင်ပါသည်။ အချက်အလက်များပိုမိုရယူလိုပါက www.ilo.org/publns သို့မဟုတ် ilopubs@ilo.org သို့ဆက်သွယ်ပါ။

www.ilo.org/ipec သို့ဝင်ရောက်ကြည့်ရှုပါ

PDF ဖြင့်သာ ကြည့်ရှုနိုင်သည်။

## ဦးတည်ချက်။

ပေါင်းစပ်ရောင်စုံရုပ်ပုံကားချပ် နှစ်ခုပြုလုပ်ရန်။ တစ်ခုသည်သမားရိုးကျဈေးကွက် ပုံစံအကြောင်းနှင့် နောက်တစ်ခုမှာ ကလေးအလုပ်သမား အကြောင်း ဖြစ်သည်။





## အကျိုးအမြတ်။

ရုပ်ပြနှင့်အနုပညာဆန်စွာဖေါ်ထုတ်မှုအတွက် လှုံ့ဆော်ခြင်းနှင့် ပုံနှိပ်လူထုဆက်သွယ်ရေးအသေးစား တစ်ခုသည် ကလေးအလုပ်သမားကဲ့သို့သော ကြီးမားသည့်ပြဿနာကို မည်သို့ဖေါ်ပြနိုင်သည်ကို ဖေါ်ထုတ်ပြနိုင်မည်။

## အချိန် ။

တစ်ကြိမ် နှစ်ခါ နှင့် သင်ကြားချိန် တစ်ချိန်



## စေ့ဆော်မှု

ပေါင်းစပ်ရုပ်ပုံကားချပ်ပြုလုပ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ မမြင်သာသည့် ကလေးအလုပ်သမားသဘာဝကို လူရွယ်များ သေချာစွာနားလည်သွားစေရန်နှင့် ပုံမှန်နေ့စဉ်သုံးပစ္စည်းများဖြင့် ကလေးအလုပ်သမားအကြောင်း ရိုးရှင်းသော ရုပ်ပုံတစ်ခု ဖန်တီးရန် မည်မျှခက်ကြောင်း နားလည်သွားစေရန် ဖြစ်သည်။

ယနေ့လူမှုအဖွဲ့အစည်းတွင် အထူးသဖြင့်လူရွယ်များအတွက် ဆိုလျှင် ရုပ်ပုံများသည် အားလုံးကိုဖေါ်ပြပေးနိုင်သည်။ ပျိုဖေါ်ဝင်များ အတွက် ဦးတည်ရေးသားဖေါ်ပြသည့် လူထုဆက်သွယ်ရေးများသည် ရုပ်ပြဇာတ်လမ်းမျိုးပိုဆန်သည်။ ဓါတ်ပုံ အများအပြား၊ ရုပ်ပုံများ၊ ကာတွန်းများနှင့် ပုံစံဒီဇိုင်းများ ပါဝင်သည်။ စကားလုံးများဖြင့် ဖေါ်ပြမှုနည်းသည်။ တယ်လီဗွီးရှင်း၊ ရုပ်ရှင်၊ ဗွီဒီယို၊ ကွန်ပျူတာကစားပွဲ များနှင့်လျှပ်စစ်သုံးပစ္စည်း အမျိုးမျိုးသည် လူရွယ်များအား အာရုံစူးစိုက် လာအောင် ဖမ်းစားသည်။ အလျင်အမြန်ပြောင်းသွားသည့်ရုပ် ပုံများနှင့် အထူးပြုလုပ်ထားသည့် ရုပ်ပုံများကို တရိပ်ရိပ် ပြေး၍ လှည့်ပတ်နေသောအပျော်ရထားစီးလျှင် မြင်ရသကဲ့သို့မြင်ရအောင် ပြုလုပ်ထားသည်။ စကားပြောခန်း သိပ်မပါပါ။ သို့သော် လှုပ်ရှားမှု

### အသုံးပြုမည့်သူအတွက် မှတ်စု

ပေါင်းစပ်ရုပ်ပုံကားချပ်လုပ်ငန်းစုသ ည် ပထမဆုံးအကောင်အထည်ဖော် ရမည့်အရာဖြစ်သည်။ လူငယ်အဖွဲ့သည် ဤလေ့ကျင့်ခန်းတွင် ပါဂင်လုပ်ဆောင်ရန် ကလေးသူငယ်အလုပ်သမားအကြောင်းကို အနည်းငယ်သာသိရှိပြီး အလုပ်ဆောင်နေကြသည်။ အမှန်တကယ် "ပွံ့ပိုးသူ" အဖြစ်ရှိနေသည်။ အစီအစဉ်တစ်ခုလုံး၏ ပျော်ရွှင်ခြင်းနှင့် တီထွင် ကြံဆမှုပုံစံ၊ လွတ်လွတ်လပ်လပ်ရှိရန်စီစဥ်မှုန င့် ပြဿနာအကြောင်း ပြောဆိုခြင်းနှင့် စဉ်းစားမှုများရရှိရန်ဖြစ်သည်။



**ပေါင်းစပ်ရောင်စုံကားချပ် ဆိုသည်မှာ အဘယ်နည်း။**

ပေါင်းစပ်ရောင်စုံကားချပ်ဆိုသည်မှာ ဓါတ်ပုံများ၊ ရုပ်ပုံများနှင့် ရုံဖန်ရုံခါ စာသားအချို့တို့ကို ပေါင်းစပ် ထားသည့်အရာဖြစ်သည်။ ဥပမာ- မဂ္ဂဇင်းများ၊သတင်းစာများ၊ စာအုပ်အဟောင်းများ၊ ပိုစတာများနှင့် ရုပ်ပြများကိုဖြတ်ပြီး စာရွက်ကြီးပေါ်တွင်ကပ်ခါ ရုပ်ပုံအသစ်တခု ဖန်တီးမှုဖြစ်သည်။ ပေါင်းစပ်ရုပ်ပုံ ကားချပ်အတွက်ရွေးချယ်ထားသည့် မည်သည့်အကြောင်းအရာကိုမဆို ဖေါ်ပြနိုင်သည့် ပုံမျိုးဖြစ်သင့် သည်။

ပေါင်းစပ်ရုပ်ပုံကားချပ်သည် ပျော်စရာကောင်းပြီးမသေမသပ ဖြစ်နေသည့် အရာဖြစ်ကာ လူရွယ် အများစု၏အရွှန်းဖောက်ခြင်းကို ဖေါ်ထုတ်နိုင်စွမ်းရှိသည်။ ၎င်းတို့အတွက် ရယ်ရွှင်ဖွယ်ရာများဖြစ်စေ သည့် ပုံများဖေါ်ထုတ်ပြသစေသည်။ ယင်းကားချပ်တွင် ကော်၊ တိပ်၊ ဆေးရောင်များ၊ ရောင်စုံများ၊ ရောင်စုံမှင်တန်များနှင့် စာရွက်ပေါ်တွင် ကပ်နိုင်သော အရာအားလုံးပါဝင်သည်။

အများအပြားပါသည်။ လူမှုအဖွဲ့အစည်းက "ကျွန်တော်/မ အားလုံး လိုချင်တယ်၊ အခု လိုချင်တယ်၊ မြန်မြန်၊ အသံကျယ်ကျယ်၊ အရောင်တောက်တောက်ပပ" စသည်တို့ကိုတောင်းဆိုသည့်မျိုးဆက်သစ် လူရွယ်များကို မွေးဖွားပေးပါသည်။

မတူသည့်အချက်မှာ ကလေးအလုပ်သမားပုံများသည် နည်းပြီး ယင်းသည် ကမ္ဘာ့နေရာအများအပြားတွင် မမြင်သာသော အရာ ဖြစ်နေသည်။ ကလေးအလုပ်သမား ရှိနေသည့် နိုင်ငံများတွင်ပင် မမြင်သာပါ။

မမြင်သာသည့်အကြောင်းသည် အသိတရားခေါင်းပါးမှုအပေါ် တစိတ်တပိုင်းမူတည်ပြီး အခြားတစိတ်တစ်ပိုင်းအနေဖြင့် မမြင်မကြားလိုမှုပေါ် မူတည်နေပါသည်။ "ကလေးတွေအလုပ်လုပ်နေကြလား၊ မဟုတ်ပါဘူး၊ ဘယ်မှာလဲ၊ မဟုတ်တာတွေ ပြောမနေနဲ့၊ အံ့သြစရာဘဲ ဟုတ်တယ် မဟုတ်ဘူးလား" စသည်ဖြင့်ပြောနိုင်ပါသည်။ ကလေးအလုပ်သမားဦးရေသည် အမေရိကန်နိုင်ငံတစ်ခုလုံး၏ လူဦးရေနီးပါးရှိနေပြီး လူအများကမသိကြသေးပါ။ သို့မဟုတ် မသိလိုကြပါ။ လူဦးရေ ၂၄၅ သန်း ခန့်ရှိသည့် နိုင်ငံတစ်နိုင်ငံကို ကျန်ကမ္ဘာ့နိုင်ငံအများအပြားက သတိမမူမိကြဟုဆိုလျှင် ထိုနိုင်ငံမှလူပုဂ္ဂိုလ်များ မည်သို့ခံစားကြရမည်ကို စဉ်းစားကြည့်နိုင်ပါသည်။

ထို့အတွက်ပညာပေးလုပ်ငန်းစဉ်၌ ကျွန်ုပ်တို့လုပ်ရမည့်အရာအများ အပြားတွင် ကလေးများ၏ မမြင်မတွေ့ဖြစ်အောင် လွှမ်းခြုံထားခံရသည့် ပခုံးထမ်းတာဝန်ကို စတင်ဖွင့်လှစ်ပြရန်ဖြစ်သည်။ ဤလုပ်ငန်းစု၏ အခြေခံရည်ရွယ်ချက်မှာ ကလေးအလုပ်သမားအကြောင်း လူထုဆက်သွယ်ရေး လွှမ်းခြုံမှု မည်မျှနည်းနေသနည်းကို လူရွယ်များအား ပြသရန်နှင့် အလုပ်လုပ်နေသော ကလေးများအရေး ၎င်းတို့ ရင်ဆိုင်ရန်လိုသည် ကို လက်ခံစေရန် ဖြစ်သည်။

## သင်လိုအပ်မည့်အရာများ။

- ✓ ပစ္စည်းများသည် ရိုးရှင်းပါသည်။ အခြေအနေအတော်များများတွင်လည်း ၎င်းတို့ကို ရရှိရန် လွယ်ကူပါသည်။ လိုအပ်သော အရေအတွက်သည် အုပ်စုအရေအတွက် ပေါ်မူတည် ပါမည်။
- ✓ အရွယ်အစားနှင့်ပုံစံမျိုးစုံရှိသောမဂ္ဂဇင်းအမျိုးမျိုး (ကြွေရည်သုတ် ၊ရောင်စုံ၊အဟောင်းအနွမ်း၊ အဖြူအမဲ စသည်တို့ ဖြစ်နိုင်သည်။ ထိုအခြေအနေများသည်ပြဿနာ မရှိပါ။)
- ✓ သတင်းစာအဟောင်းများ၊ ကာတွန်း၊ လက်ကမ်း၊ ပိုစတာ၊ ရုပ်ပြစာအုပ်အဟောင်းများ။ (သုံး၍ရသောစာအုပ်များ ကို မစုတ်ဖြဲပစ်ပါနှင့်။)
- ✓ အသုံးပြုပြီး သို့မဟုတ် မသုံးရသေးသောစာရွက်ကြီးများ။ ရောင်စုံဖြစ်စေ၊ ရောင်စုံမဟုတ်သည်ဖြစ်စေ သုံးနိုင်သည်။

သတင်းစာအဟောင်းများကိုပင် သုံးနိုင်ပါသည်။ ၎င်းစာရွက်များပေါ် အခြားပစ္စည်းများ ကပ်ရန် ဖြစ်သည်။

- ✓ ရုပ်ပုံများ ဖြတ်ရန် ကပ်ကြေးသို့မဟုတ် ဖြတ်၍ရသောပစ္စည်းများ။ ဥပမာ - အနားစတဖြောင့်တည်းရှိသော ပေတံ သို့မဟုတ် ပျဉ်စ။ စက္ကူအနားစ စုတ်ဖြရန် ဖြစ်သည်။
- ✓ ကော်အမျိုးမျိုးနှင့်ကပ်ထားနိုင်သောအရာများ၊ တိပ်ခွေများ။
- ✓ ဆေးရောင်များ၊ ရောင်စုံများ၊ ရောင်စုံမှင်တန်များ နှင့်/သို့မဟုတ် ရောင်စုံခဲတံများ (အဓိက မကျပါ)။
- ✓ မျက်နှာပြင်အလွတ် အများအပြားရှိသောနေရာ သို့မဟုတ် အခန်း။ ကြမ်းပြင်ကျယ်ကျယ်သည် အကောင်းဆုံး ဖြစ်သည်။ ဖြစ်နိုင်လျှင် လေဝင်လေထွက် ရှိရမည်။ ကော်သုံးမည်ဆိုလျှင် ပို၍လိုသည်။ ကော်နံ့များ မွှန်မနေရန် ဖြစ်သည်။
- ✓ ပြုလုပ်ပြီးသော ပေါင်းစပ်ရုပ်ပုံကားချပ်များ ချိတ်ဆွဲရန်နေရာ သို့မဟုတ် ကပ်ရန် နံရံအလွတ်။







## ကြိုတင်ပြင်ဆင်ခြင်း။

ဤလုပ်ငန်းအတွက် ပြင်ဆင်ရန် သင့်အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်။

**ပစ္စည်းများ**



- လိုအပ်သောပစ္စည်းများ အလုံအလောက်ရှိရန် သေချာပါစေ။ အထူးသဖြင့် မဂ္ဂဇင်းများနှင့် သတင်းစာများ ဖြစ်သည်။ ဤကိစ္စရပ်မှာ သင်၏တိကျသောပြင်ဆင်မှုနှင့် ရရှိနိုင်သော အရင်းအမြစ်များအပေါ် မူတည်ပေမည်။ ထို့ကြောင့် စိုးရိမ်မှုရှိ သို့မဟုတ် အချိန် ရွှေ့မနေပါနှင့်။ လိုအပ်သော ပစ္စည်းများမှာ ရိုးရိုး လေးသာ ဖြစ်ပါသည်။
- ပစ္စည်းများစုဆောင်းရာတွင် အုပ်စုများဖွဲ့ရပါမည်။ မိမိတို့အိမ်မှ ရနိုင်သောအရာမှန်သမျှ သို့မဟုတ် မိမိတို့ နေထိုင်ရာပတ်ဝန်းကျင်မှ ရနိုင်သမျှယူဆောင်လာရန် ၎င်းတို့ကိုတိုက်တွန်းပါ။ အမှိုက်များစုပုံ ထားသည့်နေရာ၊ စက္ကူများ ပြန်လုပ်သည့်နေရာ၊ သတင်းဌာန သို့မဟုတ် လက်ကားအရောင်းဌာန သို့မဟုတ် ပုံနှိပ်ဌာနများသို့ အုပ်စုများ သွားရောက်ခဲ စာရွက်ဟောင်းများနှင့် မဂ္ဂဇင်း ဟောင်းများ စုဆောင်းရပါမည်။

## ပေါင်းစပ်ရုပ်ပုံကားချပ် ခေါင်းစဉ်များ

- အုပ်စုကို ပိုမိုပါဝင်လုပ်ဆောင်စေခြင်းဖြင့် ၎င်းတို့အနေဖြင့် မိမိတို့ပိုင်ဆိုင်သောအရာများဖြစ်သည် ဆိုသည့် ခံစားမှု ဖြစ်ပေါ်လာမည် ဖြစ်သည်။ ပျော်ရွှင်မှု၊ စိတ်ဝင်စားမှုနှင့် တက်ကြွမှုများ ရှိလာမည် ဖြစ်သည်။
- ထိုပစ္စည်းများအဘယ်ကြောင့်လိုသည်ဆိုသည်ကို သိရှိလိုသည့်စူးစမ်းလိုစိတ်များ နိုးကြားလာမည် ဖြစ်သည်။
- ၎င်းတို့ပြုလုပ်မည့် ပေါင်းစပ်ရုပ်ပုံကားချပ်များအတွက် ခေါင်းစဉ်အမျိုးမျိုးကို စဉ်းစားရာတွင်သုံးနိုင်သော အကြောင်းအရာများ ပေါ်အခြေခံရမည်။
- သင်စဉ်းစားရသမျှ ခေါင်းစဉ်များကို ရေးချထားပါ။ ပထမအချိန်တွင် လူရွယ်များအား ဈေးကွက်နှင့်ဆိုင်သော ၎င်းတို့၏ ကိုယ်ပိုင်ဇာတ်လမ်းကို စဉ်းစားရန်ပြောပါ။
- ၎င်းတို့အနေဖြင့် စဉ်းစား၍မရခဲ့လျှင် (ယင်းမှာ အံ့သြစရာပင် ဖြစ်သည်။) သင့်တွင် သင်စဉ်းစားထားသော စိတ်ကူးများ အဆင်သင့်ရှိပြီး ဖြစ်မည် ဖြစ်သည်။

## အစပျိုးခြင်း



အခြေခံအားဖြင့် အုပ်စု(များ)အား ပေါင်းစပ်ရုပ်ပုံကားချပ်နှစ်ခု ပြုလုပ်ရန်ပြောရပါမည်။ ပထမတစ်ခုမှာ သမားရိုးကျ ဈေးကွက်နှင့်ဆိုင်သော ဇာတ်လမ်းဖြစ်သည်။ ဥပမာ - "နေရောင်အောက်မှာအနားယူအပန်းဖြေခြင်းများ" "ပုံစံအသစ် အဆန်းများ" "ကျန်းမာရေးနှင့် ကြံ့ခိုင်ရေး" "အိမ်နှင့်ပန်းခြံ" "ကျွန်ုပ်၏ အနားယူ အပန်းဖြေခြင်းများ" " ကျွန်ုပ်၏နိုင်ငံ" "ကျွန်ုပ်၏မိသားစု" "ကျွန်ုပ်၏သူငယ်ချင်းများ" အစရှိသည်တို့ဖြစ်သည်။ ဒုတိယဇာတ်လမ်းမှာ ကလေးအလုပ်သမားနှင့် ပတ်သက်၍ ဖြစ်သည်။

သင်ခန်းစာအစနှင့် မည်သည့်အလုပ်မျှမစတင်မီ ဤလုပ်ငန်းတွင် မည်သည်တို့ပါဝင်မည်ကို အုပ်စုအားရှင်းပြပါ။ ဒုတိယ ပေါင်းစပ်ရုပ်ပုံကားချပ်နှင့် ပတ်သက်သောအကြောင်းအရာကို မပြောရပါ။ ပေါင်းစပ်ရုပ်ပုံကားချပ်နှစ်ခု မလွဲမသွေ ပါဝင်မည်ကိုသာ ပြောပြပါ။ သို့သော် ဒုတိယအကြောင်းမှာ မည်သည်ဆိုသည်ကိုမပြောရပါ။ ဤလေ့ကျင့်ခန်းသည် ရိုးရိုး ရှင်းရှင်းနှင့် ပျော်စရာကောင်းပြီး ၎င်းတို့အနေဖြင့် သေချာစွာလုပ်ဆောင်စေသင့်ပါသည်။ ၎င်းတို့အားလုံး ပါဝင်မှုရှိစေ ရပါမည်။ အုပ်စုတွင်း တက်ကြွမှု ရှိစေရပါမည်။

- အုပ်စုသည်ကြီးနေလျှင် နေရာအကျယ်အဝန်းနှင့် ရှိသည့်ပစ္စည်းပေါ်မူတည်၍ အုပ်စုငယ်လေးများ ဖွဲ့နိုင်သမျှခွဲ၍ဖွဲ့ပါ။ အကယ်၍မူလအုပ်စုတွင် ၅ ဦး သို့မဟုတ်ထို့ထက်နည်းလျှင် ၎င်းတို့ကိုအတွဲလိုက်သို့မဟုတ် တစ်ဦးချင်းလုပ်ဆောင်စေ နိုင်ပါသည်။ အုပ်စုတစ်စုလျှင် (၅)ဦးထက်မပိုစေရပါ။ မည်သူမျှ နောက်ဖက်တွင် နေပြီးပါဝင်မှုမရှိဘဲမနေစေရပါ။ အားလုံးပါဝင်မှုရှိစေရပါမည်။ ဥပမာ- တစ်ဦးသို့မဟုတ်နှစ်ဦးကမဂ္ဂဇင်းများတွင် ရုပ်ပုံများရှာနေစဉ် အခြားပုဂ္ဂိုလ်များက ပုံများဖြတ်ခြင်း နှင့် ပုံများကို စက္ကူပေါ်ကပ်ခြင်းများ ပြုလုပ်နိုင်ပါသည်။ အားလုံးပေါ့ပါးသွက်လက်စွာဖြင့် ပြောဆို ဆောင်ရွက်မှုများ ရှိနေစေရပါမည်။

### အုပ်စုဖွဲ့ခြင်း။



## လုပ်ငန်း ၁။ အထွေထွေ ပေါင်းစပ်ရုပ်ပုံကားချပ်



သင်တန်းချိန် ၁ ချိန် (သင်တန်းချိန်နှစ်ပိုင်းခွဲလျှင် ပိုကောင်းပါသည်)။

မိမိတို့ရွေးချယ်ထားသော ဇာတ်လမ်းတခုအကြောင်း ရှိထားသောပစ္စည်းများဖြင့် ပေါင်းစပ်ရုပ်ပုံကားချပ် တစ်ခုကိုပြုလုပ်ရန် အုပ်စုကိုပြောပါ။ (သေချာစွာ မသိသေးသော သူများကို ပေါင်းစပ်ရုပ်ပုံကားချပ် ဆိုသည်မှာ ဘာကိုဆိုလို သည်ကိုရှင်းပြပါ။) ဖြစ်နိုင်သည့်ခေါင်းစဉ်များကို အချင်းချင်း အပြန်အလှန် ပြောပြစေရပါမည်။ ခေါင်းစဉ်များကို ကျောက်သင်ပုန်း သို့မဟုတ် စာရွက်ပေါ်တွင် ရေးချပါ။ သို့မဟုတ် ခေါင်းစဉ်များ ပြောပြနေစဉ် ရွေးချယ်ရန် ပြောပါ။

ပစ္စည်းများကို လူတိုင်းရယူနိုင်သည့်နေရာတွင် ထားပေးပါ။ ၎င်းတို့၏ ပေါင်းစပ်ရုပ်ပုံပြုလုပ်ရန် မိနစ် (၂၀)ခန့် အချိန်ပေးပါ။ အချိန်ကြာမြင့်စွာမပေးရပါ။ အာရုံစိုက်ခြင်းနှင့် စိတ်ဝင်စားမှု လျော့သွားနိုင်၍ဖြစ်သည်။ အုပ်စုများလုပ်ကိုင် နေပုံကို လိုက်ကြည့်ပါ။ ၎င်းတို့ဘာအကြောင်းလုပ်နေသည်ကို မေးမြန်းဆွေးနွေးပါ။ အကြံဉာဏ်များ၊ လုပ်ကိုင်နိုင်သည့်နည်းများကို ပြောပြပါ။ အုပ်စုအချင်းချင်း အကြံဉာဏ်များ ဖလှယ်ရန် တိုက်တွန်းပါ။ ရယ်မောပျော်ရွှင်ပြီး ပေါ့ပေါ့ပါးပါး လုပ်ဆောင်ရန် ပြောပါ။ အခြားလုပ်ငန်းစုများတွင် အလေးအနက်ထား ဆောင်ရွက်ရမည့် အချိန်များ ရှိနေသေး၍ ဖြစ်ပါသည်။

အချိန်ပြည့်သွားသည့်အခါ အုပ်စုတစ်ခုချင်းစီအား ၎င်းတို့၏ ပေါင်းစပ်ရုပ်ပုံကားချပ်ကို အခြားသူများအား ပြရန်ပြောပါ။ (အများမြင်နိုင်သည့် နံရံ သို့မဟုတ် သင်ပုန်းပေါ်တွင် ကပ်စေနိုင်ပါသည်)။ အုပ်စုဝင်များ သို့မဟုတ် အုပ်စုကိုယ်စားလှယ် အား ၎င်းတို့၏ ပေါင်းစပ်ရုပ်ပုံကားချပ်သည်

ဘာကိုဆိုလိုသည်ကို ရှင်းပြစေရပါမည်။ အခြားအုပ်စုများကို မှတ်ချက်ပေး၊ မေးခွန်းမေးရန် ဖိတ်ခေါ်ပါ။

စိတ်ဝင်စားမှု ပိုမိုရှိလာစေရန် ယှဉ်ပြိုင်မှု ပုံစံတစ်မျိုးမျိုးကို သုံးစွဲနိုင်ပါသည်။ ဥပမာ -

- မိမိတို့၏ ပေါင်းစပ်ရုပ်ပုံကားချပ်ခေါင်းစဉ်ကို မပြောဘဲ အခြားသူများအား ခန့်မှန်းခိုင်းခြင်း။
- မိမိတို့နှစ်ခြိုက်သည့်ပေါင်းစပ်ရုပ်ပုံကားချပ်ကို အုပ်စုများအားမဲပေး ရွေးချယ်စေပြီးအနိုင်ရသူကိုရွေးခြင်း။
- ကျောင်းတွင်ပြုလုပ်ခဲ့သည်ဆိုလျှင် အခြားအတန်းမှလူရွယ်အုပ်စုကို ဖိတ်ခေါ်ပြီး ၎င်းတို့ ကိုကြည့်ရှုအကဲဖြတ် ခိုင်းခြင်း။

မည်သို့ဆိုစေ ယှဉ်ပြိုင်မှု အများအပြားမပြုလုပ်ရပါ။ အနုပညာစွမ်းဆောင်မှု အားနည်းသူများအား အထီးကျန်ခြင်း မဖြစ်စေ လိုသောကြောင့်ဖြစ်သည်။ သို့သော်အုပ်စုအတွင်း ပျော်ပါးရွှင်လန်းပြီးအချင်းချင်းယုံကြည်မှုဖြင့် ဆက်ဆံခြင်းပေါ်ထွက် လာစေရန်ရည်ရွယ်ပါသည်။ ယှဉ်ပြိုင်မှုပြုလုပ်စေခြင်းသည် မလိုလားအပ်သောမကျေနပ် မှုများဖြစ်စေနိုင်သည်။ အုပ်စုတွင်း တက်ကြွမှု လျော့နည်းစေနိုင်သည် စသည်တို့ဖြစ်နိုင်သည်ဟု သင့်အနေဖြင့် သတိထားမိလျှင် ယှဉ်ပြိုင်မှုကို မပြုလုပ်ပါနှင့်။

# လုပ်ငန်း ၂။ ကလေးအလုပ်သမား ပေါင်းစပ်ရုပ်ပုံကားချပ်



သင်တန်းချိန် ၁ ချိန် (သင်တန်းချိန်နှစ်ပိုင်းခွဲလျှင် ပို၍ကောင်းပါသည်။

ပထမပေါင်းစပ်ရုပ်ပုံကားချပ် လေ့ကျင့်ခန်းပြီးဆုံးသွားလျှင် အုပ်စုကိုပြန်စုစည်းပါ။ ထို့နောက် ဒုတိယပေါင်းစပ်ရုပ်ပုံ ကားချပ်အတွက် အကြောင်းအရာကို ပြောပြပါ။ ယင်းမှာ ကလေးအလုပ်သမားအပေါ် ၎င်းတို့ရှုမြင်ပုံဖြစ်ပါသည်။ ဤအဆင့်တွင် သင့်အနေဖြင့်ဘာမျှထပ်မံပေါင်းစပ်ခြင်း မလုပ်သင့်ပါ။ ဤလုပ်ငန်းမလုပ်မီ သင့်အနေဖြင့် အခြေခံသတင်းအချက်အလက်နှင့်ပတ်သက်သော လုပ်ငန်းစုအကြောင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်နိုင်ပါသည်။ ထို့ကြောင့် အုပ်စုအနေဖြင့် ကလေးအလုပ်သမား ဆိုသည်မှာ ဘာကိုဆိုလိုသည်ဆိုသည်ကို စိတ်ကူးဖြင့်ပုံဖော်ပြီး ဖြစ်နိုင်ပါသည်။ ၎င်းတို့၏ စိတ်ကူးနှင့် ဖန်တီးမှုများထပ်မံ ရှာဖွေဖော်ထုတ်ပါစေ။ ဤလုပ်ငန်းသည် ကလေးအလုပ်သမားနှင့် ပတ်သက်သော ဆွေးနွေးအဖြေရှာရမည့်အချက်ကိုသင်နားလည်သဘောပေါက်မှုနှင့် ရှုမြင်မှုကို ဖော်ထုတ်ခြင်းမဟုတ်ပါ။ ယခုအချိန်သည် ၎င်းတို့အား စေ့ဆော် တိုက်တွန်းရမည့် အချိန်သာ ဖြစ်သည်။

၎င်းတို့အတွက် ကလေးအလုပ်သမားဆိုသည်ကို ရှင်းလင်းပုံဖော်နိုင်သည့် ပေါင်းစပ်ရုပ်ပုံကားချပ်ကို မည်သည့် ပုံစံဖြင့်မဆို ပြုလုပ်နိုင်ကြောင်းပြောပါ။ ပထမပေါင်းစပ် ရုပ်ပုံကားချပ် ပြုလုပ်သကဲ့သို့ပင် ပြုလုပ်ရပါမည်။ မဂ္ဂဇင်းနှင့် သတင်းစာ အဟောင်းများမှ  ရုပ်ပုံများကို ဖြတ်ယူပြီးနောက်ထပ်စာရွက်ကြီးပေါ်တွင် ကပ်ရမည်။ ပထမလုပ်ငန်း ဆောင်ရွက်စဉ်က အချိန်နှင့် အခြေအနေအတိုင်း ဆောင်ရွက်ခွင့်ပေးပါ။ (၎င်းတို့အနေဖြင့် အချိန်သိပ်လိုအပ်တော့မည် မဟုတ်ပါ။ ပထမ အကြိမ်တွင် ဆောင်ရွက်ရသလောက်အသေးစိတ် နားလည်စရာမလိုတော့၍ ဖြစ်သည်။ ၎င်းတို့ဆောင်ရွက်မှုကို စောင့်ကြည့်နေပါ)။

တစ်မျိုးနှစ်မျိုးခန့် ဖြစ်ပေါ်နိုင်ပါသည်။ ပထမတစ်မျိုးအနေဖြင့် အုပ်စုသည် ရှိသမျှပစ္စည်းများ အားလုံးကို မွှေနှောက်ရှာဖွေ မည်ဖြစ်သည်။ သို့သော် ကလေးအလုပ်သမား ပေါင်းစပ်ရုပ်ပုံကားချပ် ပြုလုပ်ရန် အသုံးတည့်သည်ဟု ၎င်းတို့ထင်သော အရာများ ရှာတွေ့မည် မဟုတ်ပါ။ ထို့အတွက် ပြဿနာ မရှိပါ။ ဤသို့ဖြစ်မည်ဆိုသည်ကို လုပ်ငန်းအတော်များများတွင် မျှော်လင့်ခဲ့ပြီးဖြစ်သည်။ ၎င်းတို့အနေဖြင့် တမျိုးမျိုးတီထွင်ကြံဆကြမည်ဖြစ်သည်။ သို့သော် ပထမအလုပ်လုပ်ခဲ့စဉ် ကလောက် အသေးစိတ်မည်မဟုတ်ပါ။

နောက်တမျိုးမှာ အချို့အုပ်စုများတွင်အစွမ်းအစရှိ၊ အယူအဆကောင်းပြီး သိရှိခံစားလွယ်သော အနုပညာရှင်များ ပါဝင်နိုင်ခြင်းဖြစ်သည်။ ဤသို့ဖြစ်ခဲ့လျှင် သင့်အတွက် အလွန်ကံထူးသည်ဟု ဆိုရမည်ဖြစ်သည်။ အနုပညာမြောက်သော ပေါင်းစပ်ရုပ်ပုံကားချပ် ရနိုင်သောကြောင့် ဖြစ်သည်။

ပထမလုပ်ငန်းကဲ့သို့ ၎င်းတို့၏ ပေါင်းစပ်ရုပ်ပုံကားချပ်များကို ချိတ်ဆွဲပြသပြီး ဘာကိုဆိုလိုသည် ဆိုသည်ကို အခြားသူများ အား ရှင်းပြစေရပါမည်။ အုပ်စုကြီးတခုလုံးမှ တုန့်ပြန်မှုပြုရန် ပြောကြားပါ။ ဆီလျော်မှုရှိလျှင် အကောင်းဆုံးကားချပ်ကို ယှဉ်ပြိုင်ဖေါ်ထုတ်ပါ။

## ဆောင်ရန်များနှင့် ရှောင်ရန်များ။



- မည်သည့်အုပ်စုကိုမှ အခြားအဖွဲ့အား ဝေဖန်ခြင်း သို့မဟုတ် နှိမ့်ချလှောင်ပြောင်ခြင်းကို မပြုစေရပါ။ အရာရာတိုင်းကို အကောင်းဖက်မှ ရှုမြင်စေရပါမည်။
- ပြိုင်ဆိုင်ခြင်း၊ ရင်းနှီးစွာနောက်ပြောင်ခြင်း၊ အပြန်အလှန်ပြောဆိုခြင်း၊ ရယ်စရာပြုလုပ်ခြင်း၊ ဟာသ ပြုလုပ်ခြင်းတို့ ပြုလုပ်ခြင်းကို ထိန်းထိန်းသိမ်းသိမ်း ခွင့်ပြုပါ။



- အဖွဲ့များကို ပေါင်းစပ်ရုပ်ပုံကားချပ်အပြီးလုပ်ရန် အချိန်တပြေးညီ ခွင့်ပြုရပါမည်။ အမျိုးမျိုး မပေးရပါ။ အနုပညာ ဖန်တီးမှုတခုပြုလုပ်နေခြင်း မဟုတ်ပါ။ နောက်ပိုင်းတွင် သင့်အနေဖြင့် ပြောပြနိုင်ပါသည်။ မည်သို့ဆိုစေ အနုပညာလက်ရာမြောက်ခဲ့လျှင်ပိုကောင်းပါသည်။ ထို့ကြောင့်အုပ်စုကို အပြီးသတ်နိုင်ရန် အချိန်သတ်မှတ်ပေးရ ပါမည်။ အုပ်စုများကို ပေးထားသောအချိန်တွင်းပြီးရန် လိုက်လံတိုက်တွန်းရပါမည်။
- ပေါင်းစပ်ရုပ်ပုံတစ်ခုချင်းကို ပြသပြီး အပြန်အလှန် သဘောကျနှစ်ခြိုက်မှု ရှိစေရန်နှင့် ဆွေးနွေးရန် အချိန်ပေး ရပါမည်။

ထို့ကြောင့်

# အပြီးသတ် ဆွေးနွေးခြင်း

သင်တန်းချိန် တစ်ချိန်

အုပ်စုဖြင့်အပြီးသတ်ဆွေးနွေးသည့်အခါ ကလေးအလုပ်သမားသည် ကျွန်ုပ်တို့လက်ထက်တွင် လူ့အခွင့်အရေးများကို အဆိုးရွားဆုံးတလွဲအသုံးချနေမှု တစ်ခု ဖြစ်သည်၊ ယင်းသည်တစ်ကမ္ဘာလုံးတွင် ပြန့်နှံ့နေသည် စသည်တို့ကိုထည့်သွင်း ဆွေးနွေးရပါမည်။ ဤသို့ဖြစ်ပျက်နေသော်လည်း ဤကြောက်မက်ဖွယ်ရာ ဖြစ်ပျက်နေမှုကို လူထုဆက်ဆက်သွယ်ရေးက အနည်းငယ်သာအလေးပေးခဲ့သည်။ လျှို့ဝှက်ဖုံးကွယ်မှုများ အများအပြားရှိနေခဲ့သည်။ အရှက်ရစရာများကို လျှို့ဝှက်ထား သကဲ့သို့ ဖြစ်နေပါသည်။

အုပ်စုအနေဖြင့် ယခုလောက်ဆိုလျှင်ပို၍ နားလည်သဘောပေါက်လာမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့ အနေဖြင့် ဘဝအခြေအနေအရပ်ရပ် အထူးသဖြင့် ကောင်းမွန်သောအရာ၊ လက်ခံနှစ်မြို့ဖွယ်ရာ အခြေအနေများကို ပေါင်းစပ်ရှုပ်ပုံကားချပ် ပြုလုပ်ရန် မည်မျှလွယ်သည်ကို သိမြင်လာပြီးဘဝ၏ဆိုးရွားသော အပိုင်းများကိုဖေါ်ပြရန် မည်မျှ ခက်ခဲသည်ကိုလည်းသိမြင်လာကြ၍ဖြစ်သည်။ အချို့အုပ်စုများသည် ကလေးအလုပ်သမား ပေါင်းစပ်ရှုပ်ပုံကားချပ်ကို ပြုလုပ်နိုင်ကြမည် ဖြစ်ပါသည်။ အလွန်ကောင်းမွန်သော ကားချပ် ဖြစ်နိုင်ပါသည်။ သို့တိုင်အောင် "အမြင်ကောင်းသည့်" အကြောင်းအရာကို ပြုလုပ်ရခြင်းထက် မည်မျှပို၍ခက်ခဲကြောင်း ၎င်းတို့က မှတ်ချက်ပြုကြသည်။

မမြင်သာသောကလေးအလုပ်သမားအကြောင်းအုပ်စု အတွင်းအထွေထွေဆွေးနွေးမှု ပြုလုပ်ရန်တိုက်တွန်းပါ။ ကလေးအလုပ်သမားနှင့် ပတ်သက်၍ ဂရုစိုက်မှု မရှိခြင်းအပေါ် မည်သို့ထင်မြင်ယူဆကြောင်း မေးပါ။

- ယင်းသည် မှားယွင်းနေသည်ဟု၎င်းတို့ထင်ပါသလား။
- ယင်းဆွေးနွေးအဖြေရှာရမည့်ကိစ္စကို လူထုဆက်သွယ်ရေးအနေဖြင့် ပို၍ဂရုစိုက် အလေးပေးသင့် ပါသလား။
- သတင်းတန်ဖိုး ရှိနိုင်ပါသလား။
- သတင်းတန်ဖိုး ရှိမရှိကို မည်သူက သတ်မှတ်ပါသလဲ။
- ဆွေးနွေးအဖြေရှာရမည့် ကိစ္စများကို ပုံနှိပ်ဖြန့်ချိသင့်သည် သို့မဟုတ် ကလေးအလုပ်သမားအကြောင်း မဂ္ဂဇင်း တစ်စောင်ကတစ်ကြိမ်မတ်မတ် ဖေါ်ပြ သင့်သည်တို့ကိုဆုံးဖြတ်မည်ဆိုလျှင် မည်သည့်အကြောင်း အချက်များကို ထည့်သွင်းစဉ်းစား သင့်သနည်း။

- ကလေးအလုပ်သမားနှင့် ပတ်သက်သော ဓါတ်ပုံများနှင့် ဆောင်းပါးများပါသည့် မဂ္ဂဇင်းတစ်စောင်ကို အုပ်စု တစ်စုစုက ဝယ်ပါမည်လား။ အများစုကဂယ်မည် မထင်ပါ။
- ဤအချက်သည်မျက်မှောက်ခေတ် လူမှုအဖွဲ့အစည်းယင်း၏မူဝါဒနှင့် တန်ဖိုးထားမှုများအကြောင်းနှင့် ပတ်သက်၍ မည်သည်တို့ကို ပြောပြနေပါသလဲ။

အချို့ဆွေးနွေးရမည့်အကြောင်းအရာများသည် လေးနက်ပါသည်။ အထူးသဖြင့် မိမိတို့အရေးကိစ္စနှင့် လက်ငင်းပြဿနာ များဖြင့် ရှုပ်ထွေးမအားလပ်သည့် ဆယ်ကျော်သက်များအတွက် ဖြစ်ပါသည်။ ဤအချက်သည် ၎င်းတို့၏စိတ်ဝင်စားမှုကို လျော့နည်းစေပြီး နောက်ပိုင်းလုပ်ငန်းများတွင် စိတ်မပါဘဲ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့်ဆွေးနွေးခြင်းကိုသတိထား ဆောင်ရွက်ရမည် ဖြစ်ပါသည်။ လိုအပ်သည့် နေရာတွင်သာသင်၏မှတ်ချက်ပေးခြင်းနှင့် အားပေးခြင်းများရှိပြီး ၎င်းတို့၏ အကြံပြုချက်များဖြင့်သာ ဆွေးနွေးမှုဖြစ်စေရပါမည်။ လူထုဆက်သွယ်ရေးအနေဖြင့် အနည်းနှင့်အများဆိုသလို ဖေါ်ပြနိုင် သော အခြားလူ့အခွင့်အရေးများအကြောင်း၊ အခြား အကြောင်းအရာများ စသည်တို့ကိုဆွေးနွေးစေရပါမည်။ ဥပမာ - ပြည်တွင်းပဋိပက္ခ၊ ခိုလှုံသူ ဒုက္ခသည်များအကြောင်းစသည်တို့ဖြစ်သည်။ ဘာကြောင့် ဖြစ်နေရသလဲ။ ယင်းတို့သည် အဘယ်အကြောင်းများကြောင့် သတင်းတန်ဖိုး ရှိရသနည်း စသည်တို့ကို ဆွေးနွေးစေနိုင်သည်။

အထူးသတိထားရမည့်အချက်မှာ မျှော်လင့်ချက်ကင်းမဲ့သည့် ခံစားမှုမျိုး မဖြစ်စေရန်ဖြစ်သည်။ အကယ်၍ဆွေးနွေးသည့် အကြောင်းအရာသည် များပြားရှုပ်ထွေးပြီး ၎င်းတို့လက်လှမ်းမမီသောအရာဖြစ်နေလျှင် လူငယ်များအနေဖြင့် ယုံကြည် လက်ခံမှု အလျင်အမြန်ဆုံးရှုံးသွားမည်ဖြစ်သည်။ အပြုသဘောဆောင်နိုင်သည့် အချက်ကို အလေးပေးရပါမည်။

- ၎င်းတို့အနေဖြင့် အခြေအနေများကို သတိမူမိလာပြီ ဖြစ်သည်။
- ယင်းနှင့် ပတ်သက်၍ ၎င်းတို့ တစ်စုံတစ်ခု ပြုလုပ်လိုကောင်း ပြုလုပ်လိုမည် ဖြစ်သည်။
- အခြားသူများကို ၎င်းတို့ ပြောပြနိုင်ပါသည်။
- ၎င်းတို့နှင့် ပတ်သက်နေပါသည်။ ထို့ကြောင့် ၎င်းတို့တွင် ပါဝင်ဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍ ရှိနေပါသည်။



# ဆန်းစစ်အကဲဖြတ်ခြင်းနှင့် နောက်ဆက်တွဲ စောင့်ကြည့်ခြင်း

ဤလုပ်ငန်းစုအတွက် တိုင်းတာနိုင်သော အရာများ ရှိပါသည်။ တိုင်းတာနိုင်သည့် တိကျသောရလဒ်များ ရှိနေပါသည်။ ပေါ်ထွက်လာမည် မပေါ်ထွက်လာဆိုသည်သာ ရှိပါသည်။



- ဇာတ်လမ်းအမျိုးမျိုးနှင့် ပတ်သက်သော ပေါင်းစပ်ရုပ်ပုံကားချပ်များ။ အဖွဲ့တစ်ခုစီသည် ပေါင်းစပ်ရုပ်ပုံကားချပ် တစ်ခု ပြုလုပ်ပြီးဖြစ်ရပါမည်။ အကယ်၍မပြုလုပ်နိုင်ခဲ့လျှင် အုပ်စုများအတွင်းနောက်ပိုင်း အသိတရားတိုးပွား သတိထားလာသည့်နေ့တွင် ဤလုပ်ငန်းစုကို တဖန်ပြန်၍ဆောင်ရွက်ရန် စဉ်းစားထားနိုင်ပါသည်။ ဤသို့ဖြစ်ရ သည်မှာတက်ကြွမှုမရှိသောအုပ်စုဖြင့် သင်လုပ်ကိုင်နေရသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ သင့်အနေဖြင့် လက်မလျှော့သင့်ပါ။ ၎င်းတို့၏စိတ်ဝင်စားမှုနှင့် ပါဝင်မှုရှိလာစေရန် လှုံ့ဆော်ပေးမည့် လုပ်ငန်းစုများ ရှိနေသေး၍ ဖြစ်ပါသည်။
- ကလေးအလုပ်သမားနှင့် ပတ်သက်သော ပေါင်းစပ်ရုပ်ပုံကားချပ်။ ၎င်းတို့အားလုံး ပေါင်းစပ်ရုပ်ပုံကားချပ် မလုပ်နိုင်သော်လည်း လုပ်နိုင်သမျှသည် အောင်မြင်မှုလက္ခဏာတစ်ရပ်ပင် ဖြစ်ပါသည်။ အုပ်စုများအနေဖြင့် အခက်အခဲနှင့် ကြုံတွေ့မည်ဆိုသည်မှာ မျှော်လင့်ပြီးသားဖြစ်သည်။ မည်သို့ဆိုစေပြုလုပ်နိုင်ခဲ့သည့် ကားချပ်များသည် အလွန်ကြိုးပမ်းဆန်းသစ်ချက်များဖြစ်သည့်အတွက် သင့်အနေဖြင့်ယင်းတို့အပေါ် အရေးယူ ဆောင်ရွက်ရန်လိုပါသည်။ ယင်းတို့ကိုနောက်ပိုင်းတွင်ပြုလုပ်မည့် ဒေသတွင်းပြည်သူလူထုနှင့် ပတ်ဝန်းကျင်များ ၌ အသိတရားတိုးမြှင့်ရေးလုပ်ငန်းများ တွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးချသင့်ပါသည်။ ဒေသတွင်းနှင့် နိုင်ငံတော် လူထုဆက်သွယ်ရေး တို့ဖြင့်လုပ်ဆောင်နိုင်ပါသည်။ (အောက်တွင်ကြည့်ပါ။) ဤသည်မှာ အောင်မြင်မှုရလာဒ်ကို ဖော်ပြသည့် အချက်တစ်ချက်ဖြစ်ပြီး သင့်လုပ်ငန်းစု၏ ရည်မှန်းချက်ရေရှည်တည်တန့် လာနိုင်စေပါသည်။

ဤလုပ်ငန်းစုသည် ရိုးရှင်းပါသည်။ သို့သော် ကလေးအလုပ်သမားပြဿနာ၏ အကြောင်းရင်းခံ အခက်အခဲများကို ဖော်ထုတ်ပြနိုင်သည့် နည်းလမ်းဖြစ်ပါသည်။ ယင်းမှာ မြင်သာမှုမရှိခြင်းနှင့် လူထုအနေဖြင့်အကြောင်းအမျိုးမျိုးကြောင့် မမြင်သလိုနေခြင်းများ ဖြစ်ပါသည်။ လူရွယ်များအား ကလေးအလုပ်သမားနှင့် ပတ်သက်သော ပညာပေးမှုပြုလုပ်ရန်လိုပြီး ၎င်းတို့အတွင်း အမြင်ပွင့်လင်းရန် အလေးပေးဆောင်ရွက်ရပါမည်။ ဤလုပ်ငန်းစုမှ ၎င်းတို့အနေဖြင့်

အရေးကြီးသော သင်ခန်းစာများ ရရှိသွားစေရပါမည်။ ကမ္ဘာကြီးတွင် မည်သည်တို့ ဖြစ်ပျက်နေသည် ဆိုသည့်အမှန်တရားကို ရှာဖွေနိုင်ရန် လူ့အဖွဲ့အစည်းအတွင်း ဖုံးကွယ်နေသောအရာများကို ရှာဖွေရန်လိုနေသည်ကို စတင်သဘောပေါက်လာကြမည် ဖြစ်သည်။ သတင်းများတွင် ဖေါ်ပြထားသည်များကို ဓမ္မဋ္ဌာန်ကျကျ ရှုမြင်ရမည် ဖြစ်ပါသည်။

ဖြစ်နိုင်လျှင် သင်လုပ်ငန်းဆောင်ရွက်သော အခန်းထဲတွင် သို့မဟုတ် အခြားအခန်းတစ်ခု သို့မဟုတ် ခန်းမ တစ်ခုထဲတွင် ပေါင်းစပ်ရုပ်ပုံများကို အခြားသူများ ကြည့်ရှုနိုင်ရန်ထားရပါမည်။ ကလေးအလုပ်သမားနှင့် ပတ်သက်၍ အုပ်စုများက ပြုလုပ်ထားသောကားချပ်များသည် ပိုမိုများပြား သောပရိသတ်များ အနေဖြင့် စီမံချက်အကြောင်း သိရှိရန် ကြေငြာပေးနိုင် ပါသည်။ အခြားလူရွယ်များကို ထိုကားချပ်များအား ကြည့်ရှုရန် တိုက်တွန်းပါ။ သတင်းထောက်များအား ထိုကားချပ်များကို ဓါတ်ပုံရိုက်ယူပြီး ဒေသတွင်းနှင့် နိုင်ငံတော် သတင်း တွင် သုံးစွဲရန် စည်းရုံးသိမ်းသွင်းပါ။

ရုပ်ပုံများသည် ကလေးအလုပ်သမားနှင့်ပတ်သက်သော အရေးပါသည့်အကြောင်းအရာများကို ဖေါ်ပြပါသည်။ သင့်အနေ ဖြင့် ၎င်းရုပ်ပုံများကိုပြုလုပ်သည့် လူငယ်များအား ရပ်ရွာလူထုမှအသိအမှတ်ပြုရန်အတွက် ဆောင်ရွက်ရန်အရေးကြီး ပါသည်။ အများပြည်သူအတွက် ယင်းကားချပ်များကို ပြသရပါမည်။ ရပ်ရွာလူထု၊ မိဘများ၊ ဒေသတွင်းနိုင်ငံရေးသမားများ၊ အလုပ်သမားသမဂ္ဂကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဒေသတွင်းအလုပ်ရှင်များကို ဖိတ်ကြားပြသနိုင်ပါသည်။ ကလေးအလုပ်သမားရပ်တန့်စေရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရံပုံငွေရှာသည့်အနေဖြင့် ရုပ်ပုံ ကားချပ်များကို လေလံတင်ရောင်းချနိုင်ပါသည်။ သို့မဟုတ် ကျောင်းများတွင် ကလေးအလုပ်သမားများအား ပြန်လည်ပြုစု ပျိုးထောင်ရေးအတွက် လှူဒါန်းရာတွင်သုံးနိုင်ပါသည်။ ဤလုပ်ငန်းနှင့် ယင်း၏ဇာတ်လမ်းကို လူထုအနေဖြင့် ပထမဆုံးအကြိမ် ကြားဖူးခြင်းဖြစ်ကောင်းဖြစ်နိုင်ပါ သည်။ ထို့ကြောင့် ရှေ့ဆက်လက်တိုးမြှင့် ဆောင်ရွက်ရန်နှင့် ရပ်ရွာ လူထုပူးပေါင်း ပါဝင်ရန် အောက်ခြေအဆင့်တွင် စတင်အခြေချရပါမည်။ သင်နှင့်ဆောင်ရွက်နေသော လူရွယ်အဖွဲ့အနေဖြင့် လည်း  ၎င်းတို့အလုပ်၏ ကျယ်ပြန့်မှုကိုစတင်တွေ့မြင် လာကြမည်ဖြစ်သည်။

ဤလုပ်ငန်းစုကို သင့်စိတ်တိုင်းကျ ဆောင်ရွက်ပြီးခဲ့လျှင် နောက်ထပ်လုပ်ငန်းစုအသစ်ကို စတင်ရပါမည်။ "ရုပ်ပုံများ" ဆိုသည့်လုပ်ငန်းစုကို စတင်ရန် အကြံပြုပါသည်။

ကလေးအလုပ်သမားကို ရပ်ပစ်

Fundamental Principles and Rights
at Work Branch (FUNDAMENTALS)

International Labour Organization
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour

@ILO_Childlabour



ISBN 978-92-2-831294-2